# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

## စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၂၅/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၂၈) ရက်

| ၂၈- ၁၁- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၃၂.၄၃ |
| စင်္ကာပူဒေါ်လာ | ၁,၆၁၈.၅၀ |
| စတာလင်ပေါင် | ၂,၇၇၅.၂၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၄၃.၀၅ |
| တရုတ်ယွမ် | ၂၉၆.၆၉ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၈၀ |
| အိန္ဒိယရူပီး | ၂၃.၄၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၂.၆၇ |
| မလေးရှား ရင်းဂစ် | ၅၀၈.၄၁ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၈၃ |
| ရုရှားရူဘယ် | ၂၆.၇၈ |
| ထိုင်းဘတ် | ၆၅.၂၇ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ရုရှားနိုင်ငံ၏ ဝိုင်တင်သွင်းမှု ၉ လအတွင်း သုံးပုံတစ်ပုံခန့် ကျဆင်း

➢ အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုမှ စိုက်ပျိုးရေးပစ္စည်းအချို့အပေါ် အပြန်အလှန် အခွန်လျှော့ချမှုများမှ အကျိုးအမြတ်ရရှိမည်ဟု အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာန ပြောကြား

➢ မုတ်သုံမိုး ပိုလျှံမှုကြောင့် အိန္ဒိယနိုင်ငံ၏ ခါရစ် (မိုးရာသီ) စားနပ်ရိက္ခာသီးနှံထွက်ရှိမှု တန်ချိန် ၁၇၃ ဒသမ ၃၃ သန်းအထိ စံချိန်တင်မြင့်တက်လာ

➢ Mizoram ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ 'ချင်းသီးနှံ မြို့တော်' (Ginger Capital) ဖြစ်လာရန် လမ်းကြောင်းပေါ် ရောက်ရှိနေ

➢ အိန္ဒိယ ရာဘာဘုတ်အဖွဲ့မှကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ရာဘာနှင့် ရာဘာထွက် ပစ္စည်းများဆိုင်ရာ Virtual ကုန်စည်ပြပွဲ စတင်

- **အထွေထွေသတင်းများ**

➢ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဂျပန်နိုင်ငံ၏ တင်သွင်းကုန်များကို ရပ်ဆိုင်းရန် စီစဉ်နေသည့် သတင်းများကြောင့် အိန္ဒိယပင်လယ်စာတင်ပို့သူများ အကျိုး အမြတ်ရရှိ

➢ ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၅ ခုနှစ်၊ ၉ လအတွင်း ကန်ဒေါ်လာ ၁၀၁ ဒသမ ၇ ဘီလီယံရှိ

- အာဖဂန်နစ္စတန် ကုန်သွယ်ရေးဝန်ကြီးက အိန္ဒိယနိုင်ငံမှ တင်ပို့မှုနှင့် တင်သွင်းမှုများအတွက် ပံ့ပိုးကူညီမှု ရယူရန် ကြိုးပမ်း

# ရုရှားနိုင်ငံ၏ ဝိုင်တင်သွင်းမှု ၉ လအတွင်း သုံးပုံတစ်ပုံခန့် ကျဆင်း

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၉ လတာကာလအတွင်း ရုရှားနိုင်ငံ၏ ဝိုင်တင်သွင်းမှုပမာဏသည် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံခန့် ကျဆင်းသွားကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Dmitry Patrushev က ရုရှားဝိုင်ထုတ်လုပ်ရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြည်တွင်း စပျစ်စိုက်ပျိုးခြင်းနှင့် စပျစ်ဝိုင်ထုတ်လုပ်ခြင်းကို ကျယ်ပြန့်စွာပံ့ပိုးရန် ဆောင်ရွက်ခြင်း၊ ပြည်ပမှ ဝိုင်ထွက်ပစ္စည်းများကို လုံးဝစွန့်လွှတ်ခြင်းနှင့် ဝိုင်တင်သွင်းမှု ကျဆင်းခြင်းသည် အစိုးရမှ စတင်အကောင်အထည်ဖော်ခဲ့သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အစီအမံများ၏ ရလဒ်တစ်ခုဖြစ်လာပြီး ယခုနှစ် ဝိုင်တင်သွင်းမှုသည် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံခန့်ကျဆင်းသွားကြောင်း ၎င်းက ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှစ၍ ပြည်တွင်းထုတ်ကုန်များ၏ ဈေးကွက်ဝေစုပမာဏသည် စတင်ကြီးထွားလာခဲ့ပြီး ၅၈ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ နိုင်ငံ၏ ဘုံရည်မှန်းချက်မှာ ပြည်တွင်းထုတ်ဝိုင်များ ဈေးကွက်မြှင့်တင်ရေးကို စနစ်တကျ ဆောင်ရွက်ရန်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

ပထမဆုံးအနေဖြင့် ပြည်တွင်းထုတ်ဝိုင်များ၏ အမျိုးအစားစုံလင်မှု ပိုမိုများပြားလာရန် လိုအပ်ပြီး နိုင်ငံသားများအနေဖြင့် ရွေးချယ်စရာများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လက်လီလက်ကားရောင်းဝယ်ရေးနှင့် အများပြည်သူဆိုင်ရာ စားသောက်ကုန်လုပ်ငန်းများ၌ ဝိုင်အမျိုးအစားများ တည်ငြိမ်စွာချဲ့ထွင်လာခြင်းသည် အားရစရာကောင်းသော အချက်တစ်ခုဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ နှစ်စဉ်ဝိုင်တင်သွင်းမှုပမာဏသည် တန်ဖိုး အမေရိကန်ဒေါ်လာ ၉၀၀ သန်းခန့်ရှိပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၁၉ ဒသမ ၈၉ သန်း တင်သွင်းခဲ့သည်။ ရုရှားနိုင်ငံသို့ အဓိကတင်ပို့ခဲ့သော နိုင်ငံများမှာ အီတလီ(၂၄၉ ဒသမ ၆၃ သန်း)၊ ဂျော်ဂျီယာ (၁၈၂ ဒသမ ၆၁ သန်း)၊ လတ်ဗီးယား(၁၃၁ ဒသမ ၂၈ သန်း)၊ ပိုလန်(၆၃ ဒသမ ၅၁ သန်း)၊ ပေါ်တူဂီ(၃၅ ဒသမ ၃၃ သန်း)နှင့် ဂျာမနီ(၃၂ ဒသမ ၇၇ သန်း)စသည့် နိုင်ငံများဖြစ်ပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.interfax.ru/russia/1057777

## အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုမှ စိုက်ပျိုးရေးပစ္စည်းအချို့အပေါ် အပြန်အလှန်အခွန် လျှော့ချမှုများမှ အကျိုးအမြတ်ရရှိမည်ဟု အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာန ပြောကြား

အိန္ဒိယနိုင်ငံသည် လက်ဖက်ရည်၊ ကော်ဖီနှင့် ဟင်းခတ်အမွှေးအကြိုင်များကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်အချို့အပေါ် အမေရိကန်ပြည်ထောင်စုမှ အပြန်အလှန်အခွန်စည်းကြပ်မှုများ (Reciprocal tariffs) ကို ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ချက်မှ အကျိုးအမြတ်ရရှိမည်ဟု မျှော်လင့်ရကြောင်း အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာနက ယခုလ ၁၇ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အိမ်ဖြူတော်၏ အုပ်ချုပ်မှုဆိုင်ရာ အမိန့်အရ ကော်ဖီ၊ လက်ဖက်ရည်၊ အပူပိုင်းဒေသသစ်သီးများ၊ သစ်သီးဖျော်ရည်များ၊ ကိုကိုး၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ငှက်ပျောသီး၊ လိမ္မော်သီး၊ ခရမ်းချဉ်သီး၊ အမဲသားနှင့် ဓာတ်မြေဩဇာအချို့တို့ကို ဧပြီလ ၂ ရက်နေ့မှစ၍ ကျင့်သုံးခဲ့သော အပြန်အလှန် အကောက်ခွန်စနစ်မှ ကင်းလွတ်ခွင့်ပြုခဲ့ပြီး အဆိုပါကင်းလွတ်ခွင့်များသည် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယ ကုန်သွယ်ရေးဝန်ကြီးဌာနက ၎င်းသည် ကုန်သွယ်ဖက်နိုင်ငံအားလုံးနှင့် သက်ဆိုင်သော်လည်း အိန္ဒိယတင်ပို့သူများအတွက် တူညီသောအခြေအနေ (Equal Footing) ကို ဖန်တီးပေးကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် အဆိုပါ ကုန်ပစ္စည်းများကို နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်တန်ဖိုးအထိ တင်ပို့လျက်ရှိသည်။ အဆိုပါ ထုတ်ကုန်များတွင် သစ်သီးနှင့် အခွံမာသီးများ၊ ပြုပြင်ပြီးအစားအသောက်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ လက်ဖက်ရည်နှင့် ကော်ဖီ၊ မရှိမဖြစ်လိုအပ်သောဆီများ၊ ဟင်းသီးဟင်းရွက်နှင့် စားသုံးနိုင်သော အမြစ်များ (Edible roots) ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် Darpan Jain က "ယခုအခါ ကျွန်တော်တို့ရဲ့ တင်ပို့ကုန်တွေဟာ တူညီတဲ့အခြေအနေကို ရရှိသွားပါပြီ" ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

Agribusiness & Trade

သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု သုတေသနဌာန (GTRI) ကမူ အိန္ဒိယနိုင်ငံသည် အမေရိကန်၏ အဆိုပါအပြောင်းအလဲလုပ်ရပ်မှ အကျိုးအမြတ် အနည်းငယ်သာရရှိမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

GTRI ကို တည်ထောင်သူ Ajay Srivastava က "အိန္ဒိယနိုင်ငံဟာ ကင်းလွတ်ခွင့်ရရှိတဲ့ အကြီးဆုံးကုန်ပစ္စည်းအမျိုးအစားများဖြစ်တဲ့ ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ လတ်ဆတ်တဲ့ သစ်သီးအများအားစုနဲ့ သစ်သီးဖျော်ရည်တွေမှာ ဈေးကွက်ဝေစု လုံးဝနီးပါး မရှိပါဘူး" ဟု ပြောကြားခဲ့သည်။

၎င်းက အမေရိကန်၏ အကောက်ခွန်မူဝါဒ ပြောင်းလဲမှုသည် ဟင်းခတ်အမွှေးအကြိုင်များနှင့် အထူးစိုက်ပျိုးရေးကဏ္ဍတို့တွင် အိန္ဒိယ၏ ယှဉ်ပြိုင်မှု အားသာချက် (Competitive Advantage) ကို အနည်းငယ် မြှင့်တင်ပေးနိုင်သော်လည်း အိန္ဒိယနိုင်ငံအနေဖြင့် ထုတ်လုပ်မှုပမာဏကို ချဲ့ထွင်ခြင်း၊ အအေးခန်းသိုလှောင်မှုစွမ်းရည်ကို တည်ဆောက်ခြင်းနှင့် ၎င်း၏ စိုက်ပျိုးရေးတင်ပို့မှု အမျိုးအမယ်များကို အမျိုးအစားခွဲခြားခြင်းတို့ မပြုလုပ်ပါက ပိုမိုကျယ်ပြန့်သော အကျိုးအမြတ်များသည် အဓိက အားဖြင့် လက်တင်အမေရိက၊ အာဖရိကနှင့် အာဆီယံစိုက်ပျိုးရေးတင်ပို့သူများထံသို့သာ ရောက်ရှိမည်ဟု ပြောကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India to gain from US reciprocal tariff cuts on some agri items: Commerce ministry, November 18, 2025

.....................................................................................................

## မုတ်သုံမိုး ပိုလျှံမှုကြောင့် အိန္ဒိယနိုင်ငံ၏ ခါရစ် (မိုးရာသီ) စားနပ်ရိက္ခာသီးနှံထွက်ရှိမှု တန်ချိန် ၁၇၃ ဒသမ ၃၃ သန်းအထိ စံချိန်တင်မြင့်တက်လာ

အိန္ဒိယနိုင်ငံတွင် ယခုနှစ်တွင် မုတ်သုံမိုးရွာသွန်းမှုများပြားခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခြင်းတို့ကြောင့် နိုင်ငံ၏ ခါရစ် (မိုးရာသီ) စားနပ်ရိက္ခာသီးနှံထွက်ရှိမှုသည် စံချိန်တင် တန်ချိန် ၁၇၃ ဒသမ ၃၃ သန်းအထိ မြင့်တက်လာခဲ့ပြီး၊ ပြီးခဲ့သည့်နှစ် တန်ချိန်သန်း ၁၆၉ ဒသမ ၄ သန်းထက် တန်ချိန် ၃ ဒသမ ၈၇ သန်း ပိုမိုများပြားလာခဲ့ကြောင်း၊ အဓိကအားဖြင့် ဆန်နှင့် ပြောင်းထုတ်လုပ်မှု

Agribusiness & Trade

မြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၆ ရက်က ဖော်ပြသည်။

ယခုလ ၂၆ ရက်နေ့က ထုတ်ပြန်ခဲ့သော အစိုးရ၏ ပထမဆုံးအကြိမ် ကြိုတင်ခန့်မှန်းချက်များအရ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် ခါရစ် ဆန်ထွက်ရှိမှုသည် တန်ချိန် ၁၂၄ ဒသမ ၅၀၄ သန်း ရှိမည်ဟု ခန့်မှန်းထားပြီး ၎င်းသည် ပြီးခဲ့သည့်နှစ် တန်ချိန် ၁၂၂ ဒသမ ၇၇ သန်းထက် တန်ချိန်သန်း ၁ ဒသမ ၇၃၂ သန်း ပိုမိုများပြားသည်။ ပြောင်းထုတ်လုပ်မှုသည် တန်ချိန် ၂၈ ဒသမ ၃၀၃ သန်း ရှိမည်ဟု ခန့်မှန်းထားပြီး တစ်နှစ်တာကာလအတွင်း တန်ချိန် ၂၄ ဒသမ ၈ သန်းမှ တန်ချိန် ၃ ဒသမ ၄၉၅ သန်းအထိ သိသိသာသာတိုးလာခဲ့ကြောင်း တွေ့ရှိရသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Shivraj Singh Chouhan က မိုးရေချိန်လွန်ကဲမှုကြောင့် အချို့ဒေသများတွင် သီးနှံများ ပျက်စီးခဲ့သော်လည်း ဒေသအများစုသည် အလုံးစုံတိုးတက်မှုကို အထောက်အကူပြုသည့် အားကောင်းသော မုတ်သုံမိုးကြောင့် အကျိုးခံစားခဲ့ရသည်ဟု ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် တောင်-အနောက် မုတ်သုံမိုးသည် ပုံမှန်ထက် ပိုမိုများပြားခဲ့ပြီး ရေရှည်ပျမ်းမျှ၏ ၁၀၈ ရာခိုင်နှုန်း ရွာသွန်းခဲ့ကြောင်း၊ ၎င်းသည် ဇွန်လ ၁ ရက်နေ့တွင် တစ်ပတ်စော၍ ရောက်ရှိလာခဲ့ပြီး အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရုပ်သိမ်းသွားခဲ့ရာ ဒေသအများအပြားတွင် မိုးရွာသွန်းမှုပိုမိုကြာရှည်စေခဲ့ကြောင်း သိရသည်။

Maharashtra, Karnataka, Madhya Pradesh နှင့် Rajasthan ပြည်နယ်၏ အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ထိခိုက်ခဲ့ရပြီး၊ အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော Montha ဆိုင်ကလုန်းမုန်တိုင်းသည် Andhra Pradesh နှင့် Telangana ပြည်နယ်ရှိ ဝါဂွမ်းသီးနှံများကို ထိခိုက်ခဲ့ကြောင်း တွေ့ရှိရသည်။

အစိုးရ၏ ပထမဆုံးအကြိမ် ကြိုတင်ခန့်မှန်းချက်များအရ ခါရစ်ရာသီ အာဟာရ/နံ့စားသီးနှံများ ထွက်ရှိမှုသည် ပြီးခဲ့သည့်နှစ် တန်ချိန် ၃၈ ဒသမ ၉၅ သန်းမှ တန်ချိန် ၄၁ ဒသမ ၄၁၄ သန်းအထိ မြင့်တက်လာမည်ဟု မျှော်လင့်ရသည်။ သို့ရာတွင် ခါရစ် ပဲမျိုးစုံထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ် တန်ချိန် ၇ ဒသမ ၇၃ သန်းနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၇ ဒသမ ၄၁ သန်းအထိ အနည်းငယ် လျော့ကျသွားမည်ဟု ခန့်မှန်းထားပြီး၊ အဓိကအားဖြင့် ပဲစင်းငုံ (tur) နှင့် မတ်ပဲ (urad) ထွက်ရှိမှု လျော့ကျခြင်း

Agribusiness & Trade

ကြောင့် ဖြစ်သည်။ ပဲစင်းငုံ (tur) ထုတ်လုပ်မှုသည် တန်ချိန် ၃ ဒသမ ၅၉ သန်း (ပြီးခဲ့သည့်နှစ် တန်ချိန်သန်း ၃ ဒသမ ၆၂ သန်း) ရှိမည်ဟု ခန့်မှန်းထားပြီး မိုးရေချိန်လွန်ကဲမှုကြောင့် Karnataka, Maharashtra, Telangana, Andhra Pradesh နှင့် Madhya Pradesh ပြည်နယ်ရှိ လယ်ကွင်းများ ထိခိုက်ခဲ့ကြောင်း သိရသည်။ မတ်ပဲ (urad) ထွက်ရှိမှုသည် တန်ချိန် ၁ ဒသမ ၂၀ သန်းအထိ လျော့ကျသွားမည်ဟု ခန့်မှန်းထားပြီး ပြီးခဲ့သည့် နှစ်တန်ချိန် ၁ ဒသမ ၃၄ သန်းမှ ကျဆင်းခဲ့ကာ Madhya Pradesh ပြည်နယ်သည် အထူးသဖြင့် ထိခိုက်ခဲ့သည်။ ပဲတီစိမ်း (Moong) ထုတ်လုပ်မှုသည်လည်း Karnataka, Rajasthan နှင့် Maharashtra ပြည်နယ်များတွင် ပျက်စီးမှုကြောင့် တန်ချိန် ၁ ဒသမ ၇၂ သန်း (ယခင် တန်ချိန် ၁ ဒသမ ၇၄ သန်း) ဖြင့် အနည်းငယ် လျော့ကျခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် သီးနှံအများအပြားထိခိုက်ခဲ့ပါသည်။ သို့သော် အစိုးရ၏ ကိန်းဂဏန်းများအရ ခါရစ်ရာသီ ဆန်၊ ပြောင်းနှင့် အာဟာရ/ နံစားသီးနှံများ ထွက်ရှိမှုမှာ ယခင်နှစ်ကထက် ပိုမိုတိုးတက်လာခဲ့ပြီး၊ ပဲမျိုးစုံ အထူးသဖြင့် ပဲစင်းငုံနှင့် မတ်ပဲတို့ထွက်ရှိမှု လျော့ကျသွားမည်ဟု ခန့်မှန်းထားသည့်အပေါ် သိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံတင်ပို့မှုအတွက် လိုအပ်သကဲ့သို့ ကြိုတင်ပြင်ဆင်လုပ်ဆောင်နိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Surplus monsoon lifts India's kharif foodgrain output to a record 173.33 million tonnes, Nov 26, 2025.

## Mizoram ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ 'ချင်းသီးနှံ မြို့တော်' (Ginger Capital) ဖြစ်လာရန် လမ်းကြောင်းပေါ် ရောက်ရှိနေ

Mizoram ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ ထိပ်တန်းချင်းသီးနှံဗဟိုချက် (Ginger hub) အဖြစ် လျင်မြန်စွာ ပေါ်ထွက်လာပြီး စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ သုခချမ်းသာရေးဝန်ကြီးဌာန (Ministry of Agriculture and Farmers' Welfare) နှင့် NITI Aayog တို့က ပြည်နယ်အား နိုင်ငံ၏ "ချင်းသီးနှံမြို့တော်" (Ginger Capital) အဖြစ် မြှင့်တင်ရန် နည်းလမ်းများကို ရှာဖွေလျက်ရှိကြောင်း၊

အဆိုပါ လုပ်ဆောင်ချက်သည် ပြည်နယ်၏ အဓိကသီးနှံဖြစ်သော ချင်းသီးနှံ၏ ထုတ်လုပ်မှု၊ အမှတ်တံဆိပ်နှင့် ဈေးကွက်ရောက်ရှိမှုကို မြှင့်တင်ရန် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆိုပြုချက်သည် New Delhi မြို့တော်တွင် NITI Aayog နှင့် Mizoram အစိုးရတို့ ပူးပေါင်းစီစဉ်ကျင်းပသော Mizoram ပြည်နယ်၏ ချင်းသီးနှံကဏ္ဍဆိုင်ရာ အဆင့်မြင့် အကြံဉာဏ်ရယူပွဲတွင် အရှိန်အဟုန်ရ လာခဲ့ခြင်းဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် တောင်သူလယ်သမား ထုတ်လုပ်သူအဖွဲ့အစည်းများ၊ ထုတ်လုပ်မှုကဏ္ဍဆိုင်ရာ အသင်းအဖွဲ့များနှင့် တင်ပို့သူများမှ ကိုယ်စားလှယ်များသည် ဈေးကွက်ချိတ်ဆက်မှုများ ခိုင်မာစေရန်၊ ပြုပြင်ထုတ်လုပ်မှု အခြေခံအဆောက်အအုံများမြှင့်တင်ရန်နှင့် ထောက်ပံ့ရေးကွင်းဆက် စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် မဟာဗျူဟာဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Mizoram ပြည်နယ်၏ ချင်းသီးနှံသည် ပြည်နယ်အစိုးရ၏ 'Bana Kaih' အစီအစဉ်နှင့် ၁ ကီလိုဂရမ်လျှင် ရူပီး ၅၀ နှုန်းဖြင့် သတ်မှတ်ထားသော အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း (MSP) အောက်တွင် အထောက်အပံ့ပေးထားကာ ပြီးခဲ့သည့် နှစ်နှစ်အတွင်း သိသိသာသာ တိုးချဲ့ခဲ့ကြောင်း သိရသည်။ တာဝန်ရှိသူများက ထုတ်ကုန်၏ သဘာဝအရည်အသွေးကို ထိန်းသိမ်းခြင်း၊ ခေတ်မီပြုပြင်ထုတ်လုပ်မှုနည်းပညာများကို လက်ခံကျင့်သုံးခြင်းနှင့် ပြည်တွင်းပြည်ပ ဈေးကွက်များကို ကွဲပြားအောင် လုပ်ဆောင်ခြင်းတို့သည် ခိုင်မာသော အမှတ်တံဆိပ် အထောက်အထားကို တည်ဆောက်ရန်အတွက် အဓိကကျမည်ဟု မှတ်ချက်ပြုခဲ့ကြကြောင်း သိရသည်။

ဝန်ကြီးချုပ် Lalduhoma က Mizoram ပြည်နယ်၏ အရည်အသွေးမြင့် ချင်းသီးနှံသည် ပြည်နယ်အား အိန္ဒိယ၏ ထိပ်တန်းထုတ်လုပ်သူများအလယ် နေရာရစေခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းက စိုက်ပျိုးရေးကို ရေရှည်တည်တံ့ပြီး အကျိုးအမြတ်ရှိသော လုပ်ငန်းတစ်ခု ဖြစ်လာစေရန် ကြိုးပမ်းနေသည့် လက်ရှိလုပ်ဆောင်မှုများကို အလေးပေးပြောကြားခဲ့ပြီး ချင်းသီးနှံကဏ္ဍတွင် သာမက အခြားစိုက်ပျိုးရေးအခြေခံနှင့် တန်ဖိုးမြှင့်ကဏ္ဍများတွင်ပါ ပုဂ္ဂလိကပါဝင်မှုကို ဆွဲဆောင်ရန် ရည်ရွယ်သည့် မြှင့်တင်ထားသော ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကဏ္ဍဆိုင်ရာ မူဝါဒများကို မီးမောင်းထိုးပြခဲ့ကြောင်း သိရသည်။

အဆိုပါ အကြံဉာဏ်ရယူပွဲသည် ပိုမိုခိုင်မာသော စီးပွားရေးချိတ်ဆက်မှုများ ဖန်တီးရန်နှင့် ပြည်နယ်၏ ထုတ်ကုန်များကို နိုင်ငံတော်နှင့် နိုင်ငံတကာဈေးကွက်များသို့ ပြသရန် ရည်ရွယ်သည့်

Agribusiness & Trade

ဒီဇင်ဘာလ ၅ ရက်မှ ၆ ရက်နေ့အထိ Aizawl မြို့တော်တွင် ကျင်းပရန် စီစဉ်ထားသော ချင်း ဝယ်သူ-ရောင်းချသူ တွေ့ဆုံပွဲအတွက်လည်း အခြေခံအုတ်မြစ်တစ်ခုဖြစ်စေခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ NITI Aayog ၏ ပူးတွဲအတွင်းရေးမှူး Rohit Kumar၊ APEDA ဥက္ကဋ္ဌ Abhishek Dev၊ အစားအသောက်ပြုပြင်ထုတ်လုပ်မှုကဏ္ဍ အတွင်းရေးမှူး A.P. Das Joshi၊ Ayush အတွင်းရေးမှူး Vaidya Rajesh Kotecha၊ စိုက်ပျိုးရေးဌာနအတွင်းရေးမှူး Devesh Chaturvedi၊ Mizoram အလုပ်သမားဝန်ကြီး Lalnghinglova Hmar နှင့် အကြီးတန်းအတွင်းရေးမှူး K.R. Meena အပါအဝင် စုစုပေါင်း ၆၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: News Arena India (NAI), Mizoram on track to become India’s ‘Ginger Capital’, Nov 26, 2025.

.........................................................................................................................

## အိန္ဒိယ ရာဘာဘုတ်အဖွဲ့မှကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ရာဘာနှင့် ရာဘာထွက် ပစ္စည်းများဆိုင်ရာ Virtual ကုန်စည်ပြပွဲ စတင်

Tripura ပြည်နယ်စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Santana Chakma က ရာဘာနှင့် ရာဘာထွက်ပစ္စည်းများဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် Virtual ကုန်စည်ပြပွဲ (Virtual Trade Fair-VTF) ကို Agartala မြို့၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၆ ရက်က ဖော်ပြသည်။

အိန္ဒိယ ရာဘာဘုတ်အဖွဲ့သည် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက် နှစ်ခုလုံးတွင် ပို့ကုန်မြှင့်တင်ရန်အတွက် ရာဘာနှင့် ရာဘာထွက်ပစ္စည်းများဆိုင်ရာ Virtual ကုန်စည်ပြပွဲကို ၂၀၂၁ ခုနှစ်တွင် စတင်ခဲ့သည်။ အဆိုပါ Virtual ကုန်စည်ပြပွဲသည် အိန္ဒိယနိုင်ငံရှိ ရာဘာထွက်ပစ္စည်းထုတ်လုပ်သူများအတွက် ၎င်းတို့၏ ဆန်းသစ်တီထွင်မှုများကို ပြည်တွင်းနှင့် နိုင်ငံတကာဝယ်ယူသူများထံ ပြသရန် ထူးခြားသော အခွင့်အလမ်းကို ပေးအပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါပြပွဲသည် အိန္ဒိယနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး အနာဂတ်အတွက် အသင့်ရှိသော ရာဘာထုတ်လုပ်မှုအပေါ် ကတိကဝတ်ပြုမှုကို မီးမောင်းထိုးပြသည့် ဘာရတ်

ရေရှည် တည်တံ့သော သဘာဝရာဘာ (Bharat Sustainable Natural Rubber) သဘောတရားကို အထူးအလေးပေးထားကြောင်း၊ ထုတ်လုပ်သူများကို ကမ္ဘာလုံးဆိုင်ရာဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့် ၎င်းသည် ကုန်သွယ်မှုကိုမြှင့်တင်ပေးရုံသာမက အထက်ပိုင်းထုတ်လုပ်မှုကဏ္ဍမှသည် အောက်ပိုင်းထုတ်လုပ်မှုကဏ္ဍအထိ ရာဘာလုပ်ငန်း တန်ဖိုးကွင်းဆက်တစ်ခုလုံးတွင် ရေရှည်တည်တံ့သော အလေ့အကျင့်များကိုလည်း အားပေးမြှင့်တင်ပေးကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲသည် ရာဘာ/ရာဘာထွက်ပစ္စည်းများ တင်ပို့နိုင်ခြေရှိသူများက ၎င်းတို့၏ ထုတ်ကုန်များကို ပြသနိုင်ပြီး၊ ဝယ်ယူသူများကလည်း အဆိုပါဆိုင်ခန်းများကို Virtual နည်းလမ်းဖြင့် ဝင်ရောက်ကြည့်ရှုကာ ရောင်းချသူများနှင့် ညှိနှိုင်းဆွေးနွေးနိုင်သည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ထုတ်လုပ်သူများ၊ တင်ပို့သူများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ကွန်ရက်ချိတ်ဆက်မှု အခွင့်အလမ်းများကို မြှင့်တင်ပေးပြီး ရာဘာလုပ်ငန်း ဂေဟစနစ်ကို ခိုင်မာစေသည်။ အဆိုပါ အစီအစဉ်သည် နိုင်ငံတကာရာဘာကုန်သွယ်မှုတွင် အိန္ဒိယနိုင်ငံ၏ ကြီးထွားလာသော အခန်းကဏ္ဍကို မီးမောင်းထိုးပြလျက်ရှိပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် မြင်သာထင်သာရှိမှုကို မြှင့်တင်ပေးကြောင်း တွေ့ရှိရသည်။

Tripura ပြည်နယ် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးအတွင်းရေးမှူး Kiran Gitte၊ ရာဘာဘုတ်အဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး M Vasanthagesan၊ ရာဘာဘုတ်အဖွဲ့ တာဝန်ခံ အတွင်းရေးမှူး Binoi K Kurian နှင့် ပူးတွဲရာဘာထုတ်လုပ်မှု ကော်မရှင်နာ N Sali တို့သည် အခမ်းအနားသို့ တက် ရောက်ခဲ့ကြကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယ ရာဘာဘုတ်အဖွဲ့မှကြီးမှူး၍ ကျင်းပပြုလုပ်သည့် ရာဘာနှင့် ရာဘာထွက်ပစ္စည်းများဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် Virtual ကုန်စည်ပြပွဲအကြောင်းသိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံတွင်လည်း ရာဘာပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် အလားတူအစီအစဉ်နှင့် ပလက်ဖေါင်းများကို မြှင့်တင်ဆောင်ရွက်သင့်ပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Rubber Board launches 6th edition of Virtual Trade Fair, Nov 26, 2025.

Agribusiness & Trade

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဂျပန်နိုင်ငံ၏ တင်သွင်းကုန်များကို ရပ်ဆိုင်းရန် စီစဉ်နေသည့် သတင်းများကြောင့် အိန္ဒိယပင်လယ်စာတင်ပို့သူများ အကျိုးအမြတ်ရရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဂျပန်နိုင်ငံမှ ပင်လယ်စာတင်သွင်းမှုများကို ရပ်ဆိုင်းရန် စီစဉ်နေကြောင်း အဆိုပါနိုင်ငံအား အသိပေးခဲ့သည့် မီဒီယာသတင်းများ ထွက်ပေါ်လာပြီးနောက် ယခုလ ၁၂ ရက်နေ့တွင် အိန္ဒိယပင်လယ်စာ တင်ပို့သူအရေအတွက် ၁၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ အဆိုပါ ရပ်ဆိုင်းမှုသည် အိန္ဒိယနိုင်ငံကဲ့သို့သော အခြားရွေးချယ်စရာ တင်ပို့ရောင်းချသူများထံသို့ ဝယ်လိုအားကို ပြောင်းလဲစေနိုင်ကြောင်း Reuters သတင်းဌာနက ယခုလ ၁၉ ရက်တွင် ဖော်ပြသည်။

ဝယ်လိုအား မြင့်တက်လာနိုင်မှုသည် အိန္ဒိယပင်လယ်စာတင်ပို့သူများအတွက် အသက်ကယ်ဆေးတစ်ရပ် ဖြစ်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် ၎င်းတို့၏ အကြီးဆုံးဈေးကွက်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုက ချမှတ်ထားသော မြင့်မားသည့် အကောက်ခွန်များကြောင့် ဖိအားပေးခံနေရပြီး အမေရိကန်ပြည်ထောင်စုရှိ Walmart နှင့် Kroger ကဲ့သို့သော ကြီးမားသော လက်လီရောင်းချသူများကလည်း ၎င်းတို့၏ ဖောက်သည်များတွင် ပါဝင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံမှ ကမ္ဘာလုံးဆိုင်ရာ ပင်လယ်စာတင်ပို့မှု စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံ ရှိခဲ့ပြီး ပုစွန်က ၄၀ ရာခိုင်နှုန်းအထိ ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။ အကောက်ခွန်ပြဿနာသည် တင်ပို့မှုအပေါ် ဖိအားဖြစ်စေသောကြောင့် ကုမ္ပဏီများသည် ၎င်းတို့၏ တင်ပို့သည့်ဈေးကွက်များကို အမျိုးအစားခွဲခြားရန် ကြိုးပမ်းနေကြောင်း Geojit Financial Services မှ အစုရှယ်ယာသုတေသနလေ့လာသူ Vincent K Andrews က ပြောကြားခဲ့သည်။ ၎င်းက အခွင့်အလမ်းအသစ်တိုင်းသည် အဆိုပါကဏ္ဍအတွက် ကောင်းမွန်သောသတင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယပုစွန်တင်ပို့သူ Avanti Feeds ၏ ရှယ်ယာတန်ဖိုးများ ၁၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး နှစ်လကျော်အတွင်း ၎င်းတို့၏ နေ့တွင်းချင်းရရှိသည့် အကြီးဆုံး အမြတ်ဖြစ်ကာ စွမ်းဆောင်ရည်အကောင်းဆုံးစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း တွေ့ရှိရသည်။

Agribusiness & Trade

ဧပြီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့မှုများ တိုးမြှင့်ရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည့် Coastal Corporation ၏ ရှယ်ယာများသည်လည်း ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အောက်တိုဘာလ ၂၄ ရက်နေ့နောက်ပိုင်း အမြင့်ဆုံးနှုန်း ဖြစ်ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Reuters, Indian seafood exporters gain on report of China suspending Japanese imports, November 19, 2025

## ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၅ ခုနှစ်၊ ၉ လအတွင်း ကန်ဒေါ်လာ ၁၀၁ ဒသမ ၇ ဘီလီယံရှိ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ရုရှား၏ နိုင်ငံခြားကုန်သွယ်မှု ပိုငွေသည် အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၇ ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၁၁ ဒသမ ၀၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ရုရှားဖက်ဒရယ် အကောက်ခွန်ဝန်ဆောင်မှုဌာန (Federal Customs Service - FCS)၏ အချက်အလက်များအရ သိရှိရသည်။

အစီရင်ခံကာလအတွင်း ပို့ကုန်ပမာဏသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၀၂ ဒသမ ၈ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၇ ဘီလီယံသို့ ကျဆင်းခဲ့သည်။ သွင်းကုန်ပမာဏသည် တန်ဖိုးဒေါ်လာ ၂၀၁ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ဘီလီယံ ကျဆင်းခဲ့သည်။ ယင်းကြောင့် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၅၀၃ ဒသမ ၉ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရုရှားမှ ဥရောပနိုင်ငံများသို့ တင်ပို့မှုသည် တန်ဖိုးဒေါ်လာ ၄၂ ဒသမ ၂ ဘီလီယံရှိကာ ၁၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဥရောပနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၅၁ ဒသမ ၅ ဘီလီယံရှိကာ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အာရှနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၂၃၅ ဒသမ ၁ ဘီလီယံရှိကာ ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၁၃၄ ဒသမ ၃ ဘီလီယံရှိကာ ၀.၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

Agribusiness & Trade

တစ်ချိန်တည်းတွင် ရုရှား၏ အာဖရိကနိုင်ငံများသို့ တင်ပို့မှုမှာ ဒေါ်လာ ၁၅ ဒသမ ၉ ဘီလီယံ ရှိကာ ၁၃ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုမှာ ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံရှိကာ ၃၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ မြောက်နှင့် တောင်အမေရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုသည် ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံရှိကာ ၁.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၁၁ ဒသမ ၈ ဘီလီယံရှိကာ ၁၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ရုရှား၏ အဓိကပို့ကုန်မှာ တွင်းထွက်ပစ္စည်း၊ သတ္တုနှင့် သတ္တုထုတ်ကုန်၊ စိုက်ပျိုးရေးထုတ်ကုန်များဖြစ်ပြီး အဓိကသွင်းကုန်မှာ စက်ယန္တရား၊ စက်ကိရိယာ၊ မော်တော်ယာဉ်များ၊ ဓာတုဗေဒ စက်မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ စိုက်ပျိုးရေးထုတ်ကုန်များ ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတွင် ပို့ကုန်ပမာဏသည် တန်ဖိုး အမေရိကန် ဒေါ်လာ ၄၃၃ ဒသမ ၉ ဘီလီယံ ရှိခဲ့ပြီး သွင်းကုန်သည် ဒေါ်လာ ၂၈၃ ဘီလီယံ ရှိခဲ့သဖြင့် ကုန်သွယ်မှုပိုငွေသည် ၁၅၀ ဒသမ ၉ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရသည်။

FCS ၏ အချက်အလက်များအရ ရုရှားနိုင်ငံ၏ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် သိသာစွာကျဆင်းလျက်ရှိပြီး အာရှနိုင်ငံများနှင့် ကုန်သွယ်မှုသည် တိုးတက်လျက်ရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.kommersant.ru/doc/8193436 \

## အာဖဂန်နစ္စတန် ကုန်သွယ်ရေးဝန်ကြီးက အိန္ဒိယနိုင်ငံမှ တင်ပို့မှုနှင့် တင်သွင်းမှုများအတွက် ပံ့ပိုးကူညီမှု ရယူရန် ကြိုးပမ်း

ကဘူးလ်နှင့် အစ္စလာမာဘတ်တို့အကြား တင်းမာမှုများ ဖြစ်ပွားနေချိန်တွင် အာဖဂန်နစ္စတန် နိုင်ငံ၏ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး Alhaj Nooruddin Azizi သည် အာဖဂန်နစ္စတန် စိုက်ပျိုးရေး ထွက်ကုန်များ တင်ပို့ခြင်းအပါအဝင် ကုန်သွယ်ရေးဆက်ဆံမှုများ တိုးချဲ့ရန်အတွက် အိန္ဒိယနိုင်ငံသို့ ယခုလ ၁၉ ရက်မှစတင်၍ ငါးရက်ကြာ ခရီးစဉ်ရောက်ရှိနေကြောင်း သိရသည်။

အာဖဂန်နစ္စတန် တာဝန်ရှိသူများက နှစ်ဖက်စလုံးသည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ တိုးချဲ့ရေး၊ အထူးသဖြင့် အိန္ဒိယနိုင်ငံသို့ စိုက်ပျိုးရေးတင်ပို့မှုများ၊ အိန္ဒိယနိုင်ငံ၏ ဆေးဝါးများ၊ စက် ပစ္စည်းများနှင့် အထည်အလိပ်များ တင်ပို့မှုကိုမြှင့်တင်ရေး၊ လေကြောင်းကုန်စည်ပို့ဆောင်ရေး လမ်း

ကြောင်းများနှင့် အီရန်နိုင်ငံ၏ ချာဘာဟာဆိပ်ကမ်းမှတစ်ဆင့် ပိုမိုစိတ်ချရသော သယ်ယူပို့ဆောင်ရေးစင်္ကြံများထူထောင်ရေး၊ အာဖဂန်နစ္စတန်ဘဏ်များသည် SWIFT သို့ ဝင်ရောက်ခွင့် ဆုံးရှုံးပြီးနောက် ရပ်တန့်သွားခဲ့သော ငွေပေးချေမှုလမ်းကြောင်းများ ပြန်လည်ထူထောင်ရေးနှင့် ယခင် အိန္ဒိယ -အာဖဂန်နစ္စတန် လေကြောင်းကုန်စည်ပို့ဆောင်ရေးစင်္ကြံကို ပြန်လည်အသက်သွင်းရေးတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

၎င်း၏ အဆိုပါ ခရီးစဉ်သည် အိန္ဒိယနိုင်ငံက ကဘူးလ်မြို့ရှိ သံတမန်ရေးရာမစ်ရှင်ကို အဆင့်မြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် အခန်းကဏ္ဍသစ်တစ်ခု ဖွင့်လှစ်ပေးခဲ့သော အာဖဂန်နစ္စတန်နိုင်ငံခြားရေးဝန်ကြီး Amir Khan Muttaqi ၏ ခရီးစဉ်အပြီး နှစ်လအတွင်း ရောက်ရှိလာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ပါကစ္စတန်နိုင်ငံသည် ကဘူးလ်၏ အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးတိုးတက်လာမှုအပေါ် စိတ်ပျက်ပြီး နယ်စပ်ဖြတ်ကျော် စစ်ရေးတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ကဘူးလ်ကလည်း အပြန်အလှန်လက်တုံ့ပြန်ခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ အနည်းငယ်သာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ Azizi ၏ ခရီးစဉ်သည် ပါကစ္စတန်နိုင်ငံနှင့် ပဋိပက္ခများဖြစ်ပွားပြီးနောက် အဆိုပါနိုင်ငံက ၎င်း၏ကုန်းလမ်းနယ်စပ်ကို ပိတ်လိုက်သည့်အချိန်တွင် ရောက်ရှိလာခြင်းဖြစ်ပြီး ယင်းကြောင့် သစ်သီးများကဲ့သို့သော အာဖဂန်နစ္စတန်၏ တင်ပို့ကုန်များအတွက် ကြီးမားသော ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် တာလီဘန်အစိုးရက ၎င်း၏ ကုန်သည်များအား အခြားနိုင်ငံများသို့ ၎င်းတို့၏ ကုန်သွယ်မှုကို အမျိုးအစားခွဲခြား လုပ်ဆောင်ရန် အကြံပြုထားကြောင်း သိရသည်။

သို့ပါ၍ အာဖဂန်နစ္စတန်ဝန်ကြီး၏ ၅ ရက်ကြာ အိန္ဒိယနိုင်ငံ ခရီးစဉ်နှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများတိုးတက်လာပြီး ပထဝီနိုင်ငံရေးနှင့် စီးပွားရေးအခြေအနေ ပြောင်းလဲမှုများကြောင့် နိုင်ငံတကာဆက်ဆံနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ လိုက်ပါပြောင်းလဲလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါအခြေအနေများကို သိရှိပြီး ကုန်သွယ်ရေးနှင့် စီးပွားရေးကို လိုအပ်သကဲ့ စီမံဆောင်ရွက်လုပ်ကိုင်သင့်ပါကြောင်း သိရှိနိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Economic Times, Afghan commerce minister seeks support for exports, imports from India, Nov 20, 2025.

........................................................................................................................................